
(Chapter - 2)
Hold My Hand And Belly Man
Johnmyat
cover Illust. May.Thitsar

အခန်း(၆)

လီနိုင်ငံတွင် အမတ်ချုပ်အိမ်တော်သည် နံပါတ်တစ်အချမ်းသာဆုံးအိမ်တော်ဖြစ်ကာ အမတ်ချုပ်အိမ်တော်တွင် သုံးသောပစ္စည်းများသည် လီနိုင်ငံနန်း တွင်းထက်ပင် အဖိုးထိုက်တန်သည်ဟု ပြောစမှတ်ပြုကြသည်..။ တစ်ချို့အမတ် ချုပ်ကြီးအား မျက်နှာလုပ်ချင်သောသူများသည် ထိုအချက်အား ဂုဏ်ဖော်ကာ ချီး ကျူးကြသောအခါတွင်.. အမတ်ချုပ်ကြီးသည် ခပ်အေးအေးအပြုံးတစ်ခုဖြင့်သာ တုန့်ပြန်သော်လည်း ငြင်းဆိုစကားတော့ ပြောလေ့မရှိပေ။

ထိုအချက်မှာ အမှန်တကယ်ပင် မှန်ကန်သောအချက်ဖြစ်သည်။ အမတ်ချုပ်ကြီးသည်.. ရတနာပစ္စည်းများ စုဆောင်းရသည်ကို သဘောကျသောသူဖြစ် သည်..။ ထို့ကြောင့် အမတ်ချုပ်အိမ်တော်၏ မြေအောက်ခန်းတွင်ရှိသော ရတနာ ပစ္စည်းများသည် လီနန်းတော်၏ ပိုင်ဆိုင်မှုများထက်ပင် များပြားသေးသည်..။ ရတနာပစ္စည်းအများစုမှာ မတရားသောနည်းလမ်းဖြင့် ရယူထားခြင်းဖြစ်သော် လည်း အမတ်ချုပ်ကြီးအား ဆန့်ကျင်ကာတိုင်ကြားရဲသူ မရှိပေ။ ထို့ပြင် ကိစ္စရပ် တိုင်းအား ပိရိသေသပ်စွာလုပ်တတ်သော အမတ်ချုပ်ကြီး၏ အကျင့်ကြောင့် သဲ လွန်စ လွယ်လွယ်မရှာနိုင်ပေ။

အမတ်ချုပ်အိမ်တော်၏ စာကြည့်ဆောင်တွင် အမှတ်ချုပ်ကြီးသည် စာလွှာအချို့အား ဖတ်ရှုနေခြင်းဖြစ်သည်..။ စာကြည့်ဆောင်တစ်ခုလုံးတွင် အမတ် ချုပ်ကြီး၏အသက်ရှူသံစည်းချက်နှင့် တစ်ချက်တစ်ချက်ထွက်ပေါ်လာသော စာ ရွက်လှန်သံများမှတစ်ပါး တိတ်ဆိတ်နေလေသည်။

သို့သော် ထိုတိတ်ဆိတ်မှုအား ပျက်ဆီးစေသော အသံတစ်သံထွက်ပေါ်လာသည်။

"အမတ်ချုပ်ကြီး ကောင်းချန်လင် အသတ်ခံလိုက်ရတယ်"

အမတ်ချုပ်ကြီး၏ လင်းယုန်တစ်ကောင်ကဲ့သို့ စူးရှနေသော မျက်ဝန်းများသည် ထိုအသံပိုင်ရှင်၏စကားကြောင့် ပိုမိုစူးရဲသွားလေသည်..။ အမတ်ချုပ် ကြီး အိမ်တော်ထိန်းအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"ကောင်းချန်လင်..အရေးမပါတဲ့သူတစ်ယောက်ရဲ့သေဆုံးမှုအတွက် ကျုပ် ရဲ့ငြိမ်းချမ်းငြိမ်သက်ခြင်းကို ဖျက်ဆီးရဲတာလား အိမ်တော်ထိန်း..."

အိမ်တော်ထိန်း... အမတ်ချုပ်ကြီး၏ ဒေါသအား ခံစားမိသောကြောင့်... အလျင်အမြန်ပင် ပြောလိုက်သည်။ အမတ်ချုပ်ကြီး၏ရက်စက်တတ်သော အမှု

အကျင့်ကို အိမ်တော်ထိန်းထက်ပိုသိသောသူ မရှိသောကြောင့်ဖြစ်သည်။

"ကျွန်တော်မျိုး မလုပ်ရဲပါဘူး အမတ်ချုပ်ကြီး... သူမပြောတာတော့... ကောင်းချန်လင်ကို သေစေတာက အိမ်ရှေ့စံလီထိုက်ရန်တဲ့.."

အိမ်တော်ထိန်းစကားကြောင့် အမတ်ချုပ်ကြီး၏မျက်ခုံးထင်းထင်းများသည် စိတ်ဝင်စားမှုကြောင့် အပေါ်သို့မြင့်တက်သွားရသည်။

"အိမ်ရှေ့စံကြောင့်တဲ့လား...!.."

အိမ်ရှေ့စံသည် သွေးအေးကာ ခန့်မှန်းရခက်သောသူဖြစ်သည်။ နယ်စပ်ဒေသတွင်သာအနေများသောအိမ်ရှေ့စံအား ထိခိုက်အောင်လုပ်ရန်မှာခက်ခဲသော ကိစ္စပင်..။ ထို့ကြောင့် ဒီတစ်ခေါက်ကိစ္စအား အခွင့်ကောင်းယူကာ အိမ်ရှေ့စံ၏ ခိုင်မာလွန်းသောဂုဏ်သတင်းအား ဖျက်စီးပြစ်ရမည်။ အမတ်

ချုပ်ကြီး၏စိတ်ဝင် စားပုံပြလာသော အမူအရာကြောင့်.. အိမ်တော်ထိန်းသည် အားတက်သရောပင် ပြောလာသည်။

"ဟုတ်ပါတယ် အမတ်ချုပ်ကြီး အခုကောင်းချန်လင်၏မိခင်က တရားမျှတမှုယူပေးဖို့ အိမ်တော်ဝမှာ လာရောက်တောင်းပန်နေပါတယ်.."

အမတ်ချုပ်ကြီး၏ အနားသတ်တွင် ကျဉ်းမြောင်းသွားသော လင်းယုန်မျက်ဝန်းများသည် အိမ်တော်ထိန်းစကားကြောင့် အရောင်တစ်မျိုးဖြင့် လက်သွား ရသည်။ အမတ်ချုပ်ကြီးအကြံတစ်ခုရလိုက်သောကြောင့် အိမ်တော်ထိန်းကိုအမိန့် ပေးလိုက်သည်။

"သူမ..ကို..ခေါ်ခဲ့.."

ဦးညွှတ်အရိုအသေပြုကာ... အမိန့်နာခံရင်းထွက်သွားသော အိမ်တော်ထိန်း၏ကျောပြင်အား ကြည့်ကာ အမတ်ချုပ်ကြီး၏နှုတ်ခမ်းစွန်းတစ်ဖက် တွန့် တက်သွားရသည်..။ ဒီအခွင့်အရေးကို အသုံးချရမည်..။ မည်မျှပင်ကြီးမားသော ကျောက်တောင်ကြီးတစ်ခု ဖြစ်နေပါစေ၊ တစ်နေ့ပြိုလဲရမည်သည်ပင်..။ လိုအပ် သည်က အချိန်တစ်ခုပင်ဖြစ်၏။

မကြာမီပင် ဆိုးဝါးလွန်းသောအသံကျယ်ကြီးဖြင့် ငိုယိုနေသော အမျိုးသမီးတစ်ဦးသည် အမတ်ချုပ်ကြီးရှေ့သို့ ရောက်လာလေသည်..။ ထိုအမျိုးသမီး သည် အကျင့်စရိုက်ဆိုးဝါးလွန်းပုံရကာ တစ်လမ်းလုံးအော်ကြီးဟစ်ကျယ်ဖြင့် ဆဲဆို ငိုယိုလာခြင်းဖြစ်သည်..။ အမတ်ချုပ်ကြီး ထိုအမျိုးသမီး၏အကျင့်စရိုက် နှင့် အပြုအမူများမှာ အမတ်ချုပ်ကြီးလိုချင်သော ပုံစံအတိုင်း..ကွက်တိဖြစ်သော ကြောင့် တိတ်တဆိတ် ပြုံးလိုက်သည်..။ ထိုအမျိုးသမီးသည် အမတ်ချုပ်ကြီးရှေ့ တွင်ဒူးထောက်ကာ ခုံပေါ်တွင်တည်ငြိမ်စွာထိုင်နေသော အမတ်ချုပ်ကြီး၏ဝတ် ရုံအောက်နားစအား ဆွဲကာ အော်ဟစ်ငိုယိုတော့သည်။ အမတ်ချုပ်ကြီး အတင့်ရဲ လွန်းသော ထို

အမျိုးသမီး၏အပြုအမူကြောင့်… မျက်ဝန်းများ အေးစက်သွားရ သည်။ သာမန်အချိန်သာဆိုပါက.. ထိုနိမ့်ကျသောအမျိုးသမီးအား သွေးအေးစွာ သတ်ပြစ်လိုက်မည်ဖြစ်သည်။ သို့သော်… ယခုမူ အစီအစဉ်အတွက် လိုအပ် သော ကြောင့် သည်းခံလိုက်ရသည်။

ထိုအမျိုးသမီးသည် မိမိတို့ကောင်းမျိုးနွယ်ထဲမှ အမျိုးသားတစ်ဦးနှင့် လက်ထပ်ထားသောကြောင့် မိမိတို့ကောင်းမျိုးနွယ်ဝင်ဖြစ်သော်လည်း မိမိ မျက် ဝန်းထဲတွင်မူ မိမိတို့အရှိန်အဝါအား ကပ်ကာ ရပ်တည်နေသော အဆင့်နိမ့်လွန်း သည့်ဖြစ်တည်မှုသပ်သပ်သာ။ သူမသည် မိမိအစီအစဉ် တွင် အသုံးဝင်သည်ကိုပင် ဂုဏ်ယူသင့်သည်..။ အမတ်ချုပ်ကြီး၏မျက်နှာ တွင် တစ်ခဏချင်းပင် နွေးထွေး ကြင်နာမှုများဖြင့် ပြည့်နေကာ ဒူးထောက် နေသောထိုအမျိုးသမီးအား ကူညီကာ ထူမပေးလိုက်သည်..။ ထို့နောက် ကြင်နာစွာပင် ထိုအမျိုးသမီးအား မေးလိုက် သည်။

"ချန်လင်က ဘယ်လိုဖြစ်ရတာလဲ…"

အမတ်ချုပ်ကြီး၏စကားကြောင့် အမျိုးသမီးသည် သူမသား၏မတရား ခံ ရမှုအား ငိုယိုကာတိုင်တန်းလာလေသည်။ သူမသည် ပညာမတတ်သောသူ ဖြစ် သော်လည်း.. အိမ်ရှေ့စံအား ယှဉ်နိုင်သူမှာ အမတ်ချုပ်ကြီးသာရှိ ကြောင်း သိပါ သေးသည်။ ထို့ကြောင့် ပိုပိုသာသာပြောရန် ဆုံးဖြတ်လိုက် သည်။

"အိမ်ရှေ့စံက… ကျွန်မသားလေးကို အပြစ်မရှိဘဲ သတ်ပြစ်လိုက်တာပါ အမတ်ချုပ်ကြီး…"

"ဘယ်လိုဖြစ်ရတာလဲ အသေးစိတ်ပြောပြပါဦး…"

ထိုအမျိုးသမီးသည် ပါးပြင်ပေါ်တွင်ပြည့်နေသောမျက်ရည်များကိုလက် များအသုံးပြုကာ ခပ်ကြမ်းကြမ်းပွတ်သပ်လိုက်သည်။

"ကျွန်မသားလေးချန်လင်က နန်းတော်တံခါးစောင့်ပါရှင်.. သူကတာဝန်အတိုင်း လူစိမ်းတွေ နန်းတော်ထဲဝင်ဖို့ ကြိုးစားတယ်ထင်လို့ သူ့တာဝန်အတိုင်း တားဆီးမိတာပါ။ဒါဒါပေမယ့် မထင်မှတ်ဘဲ အိမ်ရှေ့စံရဲ့ ရက်စက်စွာသတ်လိုက် တာကို ခံလိုက်ရတယ်..။ သူက ကျွန်မသားလေးကို မသတ်ခင် အမတ်ချုပ်ကြီးရဲ့ ကောင်းမျိုးနွယ်ဝင်မို့ သတ်တာလို့ပါ ပြောသွားသေးတယ်..အဟင့်.. ဟင့်..!!!.."

ထိုအမျိုးသမီးသည် မြေပြင်ပေါ်သို့ဒူးထပ်မံ၍ထောက်လိုက်ကာ မြေပြင်အား ခေါင်းနှင့်ခပ်ပြင်းပြင်းတိုက်ရင်း ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်မသားလေးအတွက် တရားမျှတမှုကို ရယူပေးပါ.. အမတ်ချုပ်ကြီး.!!.."

အမတ်ချုပ်ကြီးသည် ဒူးထောက်ကာ ခေါင်းအား မြေပြင်နှင့်ပြင်းထန် စွာတိုက်နေသော နိမ့်ကျသည့် အမျိုးသမီးအားကြည့်ကာ.. မဲ့ပြုံးတစ်ခုအား ပြုံး လိုက်သည်။ ထိုကောက်ကျစ်သော မြေခွေးမသည် မိမိအာဏာအားသုံးကာ သူမ သားအတွက် လက်စားချေချင်သောကြောင့် အမှားတစ်ဝက်ရောနေသော အမှန် တစ်ရားတစ်ခုဖြင့် မိမိအား လှည့်စားရန်လုပ်ခြင်းဖြစ်သည်။ အမတ်ချုပ်ကြီး ထို အမျိုးသမီး၏နဖူးပြင်မှ သွေးများကျလာသည့်အထိ ကြမ်းပြင်နှင့်နဖူးတိုက်ခြင်း အား လွှတ်ထားပေးလိုက်ကာ..တစ်ခဏအကြာမှ ထိုအမျိုးသမီးအား ကြင်နာမှု အပြည့်လွှမ်းနေသောလေသံဖြင့် တားဆီးလိုက်သည်။

"တော်ပြီ မလုပ်နဲ့တော့.. မင်းထိခိုက်မိတာကို တမလွန်ကသားဖြစ်သူလဲ မြင်ချင်မှာမဟုတ်ဘူး..."

အမတ်ချုပ်ကြီး သက်ပြင်းမောတစ်ခုအား ချလိုက်ကာ ထိုအမျိုးသမီးအားပြောလိုက်သည်။

"သားတစ်ယောက်ဆုံးရှုံးရတဲ့ မိခင်တစ်ယောက်ရဲ့နာကျင်မှုကို ကျုပ်က နားလည်တာမို့ အမှန်တရားဘက်ကရပ်တည်ပြီး ခင်ဗျားသားအတွက် တရားမျှ တမှု ရစေရမယ်..."

အမျိုးသမီး၏မျက်ဝန်းများ အရောင်တောက်သွားကာ အမတ်ချုပ်ကြီးအား အကြိမ်ကြိမ် ကျေးဇူးတင်ကြောင်းပြောလာလေသည်။ အမတ်ချုပ်ကြီးသည် မျက်လုံးထိမရောက်သောအပြုံးမျိုးဖြင့် ပြုံးလိုက်ကာ ပြောလာလေသည်။

"ကျုပ်ကူညီချင်ပေမယ့် အခက်အခဲတစ်ခုတော့ရှိတယ်..."

အမျိုးသမီးသည် အမှန်းတရားများပြည့်နေသော မျက်ဝန်းများဖြင့်... အမတ်ချုပ်ကြီးအား မော့ကြည့်ကာ မေးလာသည်..။ သူမသား ချန်လင်အတွက် လက်စားချေရမည်။ မည်သို့သောအလုပ်ပင်ဖြစ်ပါစေ သူမလုပ်မည်သာ..။

"ဘာများလဲ အမတ်ချုပ်ကြီး..."

အမတ်ချုပ်ကြီးသည်... တစ်စုံတစ်ခုအား အလေးအနက်တွေးတောနေသည့်ပုံမျိုးဖြင့်... တစ်ခဏ တိတ်ဆိတ်နေလိုက်သည်..။ တစ်ခဏကြာမှ စိတ်မ ကောင်းသောမျက်ဝန်းများဖြင့် ထိုအမျိုးသမီးအားကြည့်ရင်း ပြောလာသည်။

"မင်း သားကို သေစေခဲ့တဲ့သူက တော်ဝင်မျိုးနွယ်ဖြစ်နေတဲ့အပြင် အိမ်ရှေ့စံလည်း ဖြစ်နေတယ်..။ ရင်ဆိုင်ဖို့လွယ်ကူတဲ့သူ မဟုတ်ဘူး..။ သူ့ရဲ့ ကောင်း သတင်းတွေကာ လီတိုင်းပြည်ရဲ့မြို့ရိုးတံတိုင်းလို ခိုင်ခံ့လွန်းတယ်။ ပြည်သူတွေ က သူ့ဘက်ဘဲပါကြမှာ... သူတို့က အမှန်တရားကိုမှမသိတာ...။ ဒါကြောင့် သူ့ အကြောင်းကို ပြည်သူတွေသိအောင်လုပ်ရမှာ..၊ လူများများသိလေ.. မင်း သားရဲ့ တရားမျှတမှုရှာဖို့ ပိုလွယ်လေဘဲ အင်း..!..ခက်

တာက အဲ့တာကို ဘယ်လိုလုပ်ရ ပါ့မလဲ..."

အမတ်ချုပ်ကြီး၏စကားကြောင့် အမျိုးသမီးသည် တစ်ခဏတိတ်ဆိတ်သွားရသည်။ အမတ်ချုပ်ကြီး ထိုအမျိုးသမီး၏အမူအရာကို ကြည့်ကာ ပြုံးလိုက် မိသည်။

^^ထိန်းချုပ်ရ လွယ်လိုက်တာ...!..^^

အမတ်ချုပ်ကြီး ခန့်မှန်းချက်အတိုင်းပင် ထိုအမျိုးသမီးကြီးသည် ပြောလာသည်။

"ကျွန်မတာဝန်ထားပါ အမတ်ချုပ်ကြီး.. ကျွန်မသားလေး ကောင်းချန်လင် မတရားခံရတာကို လူတိုင်းသိစေရမည်..."

အမတ်ချုပ်ကြီး... ထိုအမျိုးသမီးမျက်နှာပေါ်ရှိ မြွေတစ်ကောင်ကဲ့သို့.. အဆိပ်ပြင်းသောအမူအရာကြောင့် ကျေနပ်စွာပြုံးလိုက်သည်။ အဆိပ်ပင် တစ်ပင် စိုက်ပြီးပြီ ဖြစ်သောကြောင့် အသီးအပွင့်ကို စောင့်ကြည့်ဖို့ဘဲ လိုတော့သည်ပင်..။ အမတ်ချုပ်ကြီးသိပါသည် ကောင်းချန်လင်သည် အရည်အချင်းမရှိသော လူဖျင်း တစ်ယောက်ဆိုသည်ကို..။ သူသည် ကောင်းမျိုးနွယ်ဖြစ်သောကြောင့်သာ နန်း တွင်းတွင် နေရာတစ်ခုရခြင်းဖြစ်သည်။ ယခုပြသနာ၏အရင်းအမြစ်မှာ ကောင်း ချန်လင်သာ ဖြစ်သည်ကို အမတ်ချုပ်ကြီး ခန့်မှန်းမိသည်။ သို့သော် မိမိဂရုမစိုက် ပါ.. အိမ်ရှေ့စံအား ထိခိုက်စေမည့် ကိစ္စဖြစ်နေသ၍ မိမိကျေနပ်သည်။

***

ပိုင်ယွင် အိပ်ယာမှနိုးလာသောအခါ ကုတင်ပေါ်မှထရန် ကြိုးစားလိုက်

သော်လည်း.. ထိုးကိုက်နေသောခေါင်းနေရာကြောင့် ပိုင်ယွင် မျက်နှာလေးမဲ့ကာ ခေါင်းကိုလက်တစ်ဖက်ဖြင့် အုပ်ကိုင်လိုက်မိသည်။

"အ့..!!..သေပါပြီ..."

ပိုင်ယွင် မျက်လုံးများကိုတစ်ဖြည်းဖြည်းဖွင့်ကာ ရောက်နေသောနေရာအား ကြည့်လိုက်တော့ မိမိအိပ်ခန်းထဲတွင်ပင်ဖြစ်သည်။

^^မနေ့က ပါးနဲ့ပိုင်သောက်နေတာ မဟုတ်ဘူလား.. အိ..~!!..မနေ့က

ပေါက်ကရတွေ လုပ်မိသေးလားမသိဘူး...^^

ပိုင်ယွင်.. မျက်လုံးလေးပြူးကာ မနေ့ကအကြောင်းများအား အသည်း အသန်စဉ်းစားသော်လည်း.. မိမိ ပိုင်ခွက်အား ဟန်ပါပါမော့သောက်လိုက်သည့် နောက်ပိုင်း ဘာမှမသိတော့..။ ပိုင်ယွင်သည် တစ်စုံတစ်ခုအား အသည်းအသန် စဉ်းစားသောအခါတိုင်း မိမိနှုတ်ခမ်းများအားလက်ညှိုးနှင့်လက်မသုံးကာ အသာ ဆွဲရင်း စဉ်းစားလေ့ရှိသည်..။ ယခုလည်း ပုံမှန်အတိုင်းပင် နှုတ်ခမ်းအား အသာ ဆွဲလိုက်မိသောအခါ ပိုင်ယွင် အသံထွက်အောင်ပင်အော်လိုက်မိသည်။

"အ့..!.."

ခပ်ဖွဖွထိတွေ့လျှင်ပင် နာကျင်နေသော မိမိနှုတ်ခမ်းနေရာကြောင့် ပိုင် ယွင် ငိုမဲ့မဲ့ဖြစ်သွားရသည်..။ စပ်ဖြင်းဖြင်းဖြစ်နေသော အောက်နှုတ်ခမ်းထောင့် လေးအား လျှာဖျားလေးနှင့်အသာထိတွေ့လိုက်သောအခါ စပ်သွားရသည်။

^^ကိုက်မိတာလား..ဟ..!!..^^

ပိုင်ယွင် မျက်နှာသစ်ရန် ကုတင်ပေါ်မှထရန် ကြိုးစားလိုက်သောအခါ နာနေသောခါးနေရာကြောင့် ကုတင်ပေါ်သို့ ပြန်ထိုင်ကျသွားရသည်..။ ပိုင်ယွင် မျက်မှောင်ကြုတ်သွားရသည်။ မနေ့ညက ပိုင်သောက်ယုံဖြင့် တစ်ကိုယ်လုံး နာ ကျင်နေမည်ဟု ပိုင်ယွင် မထင်ပါ..။ ပိုင်ယွင် မျက်ဝန်းများ မှေးကျဉ်း

သွားရကာ အလေးအနက်တွေးတောလိုက်သည်။

^^ပါးများ ငါလေးကို ကိုင်ပေါက်ထားတာများလား...^^

ပိုင်ယွင် တွေးလေတွေးလေ ထိုအကြောင်းရင်းမှာ ဖြစ်နိုင်ချေရှိသည်ဟု ထင်လာလေပင်။ ပိုင်ယွင် မှုန်ကုတ်ကုတ်ဖြင့် ပိုင်သခင်ကြီးအား မကျေမနပ်တွေး နေမိသည်။

"တွေ့မယ်.. မားနဲ့တိုင်မယ် ယွင်အာလေးကို အနိုင်ကျင့်တယ်လို့..."

ပိုင်ယွင်...နောက်နောင် ပါးနှင့်အတူပိုင်မသောက်ရန်ပါ ဆုံးဖြတ်လိုက်

သည်။ ပါးက မူးရင်သွေးဆိုးတယ်..၊ ပိုင်ယွင်အတွက် အန္တရာယ်များလွန်းသည် လေ။ ပိုင်ယွင် ခါးနေရာလေးအား လက်သေးသေးလေးဖြင့် အသာပွတ်သပ်ရင်း မျက်နှာသစ်ကာ ကိုယ်လက်သန့်စင်ရန် လုပ်လိုက်သည်..။ ပိုင်ယွင် ကိုယ်လက် သန့်စင်ပြီးသောအခါ.. အစိမ်းရောင်ဝတ်စုံတစ်ထည်အား ဝတ်လိုက်သည်..။ ခါး နေရာတွင် အစိမ်းရောင်ခါးစည်းကြိုးကိုသာ အသုံးပြုထားသောကြောင့် ပိုင်ယွင် ၏သေးသွယ်သောခါးလေးအား ပိုမိုကာပေါ်လွင်နေစေသည်။

ပိုးသားကဲ့သို့နက်မှောင်ကာ ရှည်လျားသောဆံပင်များကို တစ်ဝက်သိမ်း

ကာ ရိုးရှင်းသည့် ကျောက်စိမ်းဆံထိုးတစ်ခုသုံးကာထုံးလိုက်ပြီး ကျန်ဆံပင်များ ကို ကျောနောက်တွင်သာ ဖြန့်ထားလိုက်သည်..။ ပိုင်ယွင်၏ကြယ်အစုအဝေးကဲ့ သို့ တောက်ပသော အနက်ရောင်မျက်ဝန်းများသည် အိပ်ယာထစကဲ့သို့ ရီဝေနေ ခြင်းမရှိဘဲ ကြည်လင်တောက်ပနေလေသည်။ ဆေးမကူဘဲပန်းသွေးရောင်ရှိသော နှုတ်ခမ်းတစ်စုံသည်လည်း ယနေ့မှပင်ပိုမိုနီရဲကာ ကြည့်ကောင်းနေသလိုပင်..။ ပိုင်ယွင် အဆောင်တံခါးအားဖွင့်ကာ အဆောင်ပြင်သို့ထွက်လိုက်သောအခါတွေ့ လိုက်ရသည်က.. ရောင်စန်း

နှင့် ကလေးသုံးယောက်..။ ပိုင်ယွင် လက်ကလေးကို အသာဝှေ့ရမ်းပြ လိုက်ကာ သွားစွယ်ဖွေးဖွေးများပေါ်အောင် ရီပြလိုက်သည်။ ပိုင် ယွ င်..ရှောင်စန်းတို့အနားသို့ လျှောက်သွားလိုက်ကာ...

"ရှောင်စန်းနဲ့ပိစိလေးတွေ ဘာလုပ်နေကြတာလဲ..."

"သခင်လေးကို လာနှုိးမလို့လုပ်နေတာ..."

ပိုင်ယွင်... ရှောင်စန်းအဖြေအား ခေါင်းငြိမ့်လိုက်ကာ မိမိအား မျက်လုံး ဝိုင်းဝိုင်းလေးများဖြင့် ကြည့်နေကြသော ပိစိလေးသုံးယောက်အား ကြည့် ကာ.. ပြောလိုက်သည်။

"ပိစိလေးတွေ ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား..!!.."

ပိုင်ယွင့်အမေးအား ခေါင်းလေးငြိမ့်ကာ ပြိုင်တူဖြေလာသော ပိစိလေး သုံး ယောက်၏ပုံစံလေးမှာ အရင်နေ့များကဲ့သို့ ညစ်ပတ်ပေရေနေခြင်း မရှိတော့ သောကြောင့် ဖြူဝင်းသောအသားအရောင်လေးများ ပေါ်လာလေသည်။ ပိုင် ယွင် အသည်းယားကာ ထိုပိစိလေးသုံးယောက်၏ပါးအိအိလေးကို အသာ ဆွဲပြစ်လိုက် တော့ မျက်လုံးလေးများအရောင်တောက်သွားကာ မိမိအား ရီ ပြလာလေသည်..။ ပိုင်ယွင် ပိစိလေးများနှင့်အရပ်တူစေရန် ငုံ့ချလိုက်ကာ ပြောလိုက်သည်။

"နောက်နေ့ကစပြီး ဒီကကိုကိုရှောင်စန်းဆီမှာ ကိုယ်ခံပညာသင်ရမယ် နော်.. ဒါမှ ကြီးလာရင် ပိစိလေးတို့ ကိုယ့်ကိုယ်ကိုကာကွယ်နိုင်မှာ၊ ကြိုးစား ပြီး

သင်ရမယ်နော်.. ကိုကိုပြောတာ နားလည်လား..?.."

ပိုင်ယွင်ပြောသမျှကို မျက်လုံးတောက်တောက်လေးများဖြင့်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ငြိမ့်ကာ နားထောင်နေကြသော ပိစိလေးတို့သည် ပိုင်

ယွင် စကားဆုံးသည်နှင့် အားတက်သရောဖြေလာလေသည်။

"ဟုတ်ကဲ့ ကိုကိုယွင်အာ..!..×3.."

သုံးယောက်သားပြိုင်တူဖြေလာသော ပိစိကလေးသုံးယောက်၏ အသံစူးစူးလေးကြောင့် ပိုင်ယွင် ပြုံးလိုက်မိသည်..။ ပိုင်ယွင် အနားတွင်ရပ်နေသော ရှောင်စန်းအားကြည့်ကာ ပြောလိုက် သည်။

"ရှောင်စန်း ပိစိလေးတွေစားဖို့ စီစဉ်ပေးလိုက်ဦးနော်..ငါ..ပါးနဲ့မားဆီသွားလိုက်ဦးမယ်"

ရှောင်စန်း သခင်လေးစကားအား ရိုသေစွာပင်ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ သခင်လေး"

"နေ့ခင်းကျရင် ကိုကိုယွင်အာက စားကောင်းတာတစ်ခုလုပ်ပေးမယ်နော်.. ကိုကိုရှောင်စန်းစကား နားထောင်ရမယ် ဟုတ်ပြီလား..."

ပိုင်ယွင် အနီးရှိ ရှောင်ဆစ်ပါးအိအိလေးတစ်ဖက်အား နှာခေါင်းနှစ်ကာနမ်းပြစ်လိုက်တော့ မျက်လုံးတောက်တောက်လေးများဖြင့် ပိုင်ယွင်အားကြည့် ကာ သူတို့ပါးလေးများအား ထိုးပေးလာသော ရှောင်ဝူနှင့် ရှောင်လျှို...။ ပိုင်ယွင် သဘောတကျရီယုံသာ တတ်နိုင်တော့သည်..။ ရှောင်ဝူနှင့် ရှောင်လျှို၏ ပါးအိအိ လေးများကိုပါ နမ်းပြစ်လိုက်တော့...သဘောတကျဖြင့် မျက်လုံးလေးများမှိတ် ကာ တခစ်ခစ်ရီလာကြလေသည်။ ရှောင်စန်းဝတ်ရုံစအား လက်သေးသေးလေး များဖြင့်ဆွဲကာ နောက်မှလိုက်သွားသောပိစိလေးတို့သုံးယောက်အား ကြည့်ကာ ပိုင်ယွင် နှုတ်ခမ်းများပြုံးသွားရသည်။

^ဘဲအမေကြီးနောက် ဘဲပေါက်လေးတွေလိုက်သွားတာ ကျနေတာဘဲ^

ပိုင်ယွင့်အတွေးအား ရှောင်စန်းသာကြားပါက ဒေါသတကြီးဖြင့် ဖွေ့ဖွေ့

ခုန်ကာ သွေးအန်သွားပေလိမ့်မည်။ ပိုင်သခင်မကြီးသည် သူမ၏ခင်ပွန်းနှင့် သား ဖြစ်သူအတွက် အစားအသောက် ကိုယ်တိုင်ပြင်ဆင်ပေးလေ့ရှိသည်..။ ထို့ကြောင့် ပိုင်သခင်မကြီးရှိနေမည့် စားဖိုးဆောင်သို့သာ ဦးတည်လိုက်သည်။

"မား..!!..ယွင်အာ ဗိုက်ဆာတယ်"

ပိုင်သခင်မကြီး မိမိခါးအား နောက်မှလာဖက်ကာပြောလာသော သား ဖြစ်သူကြောင့် ခေါင်းလေးအား ခပ်ဖွဖွပုတ်ပေးလိုက်သည်။

"မားရဲ့ယွင်အာလေး ဗိုက်ဆာနေပြီကိုး.. ခဏလေးစောင့် မား ယွင်အာ့ အကြိုက် ဖက်ထုတ်ပေါင်းပေးထားတယ်"

ပိုင်ယွင် ကြိုက်သောအရာဖြစ်သောကြောင့် ပိုင်ယွင်ပျော်သွားရကာ ပိုင်သခင်မကြီး၏ခါးအား ဖက်ကာ ကြောင်ပေါက်လေးတစ်ကောင်လို့ ပွတ်သပ်တိုး

ခွေ့နေလေတော့သည်။

"အဟား..!..ယွင်အာ.. အမေကိုကပ်ချွဲနေတာလား..."

ခပ်ဩဩအသံနှင့်အတူ ကြားလိုက်ရသော ပိုင်သခင်ကြီး၏ရီသံအချို့.. ပိုင်ယွင် နှုတ်ခမ်းထော်ကာ ပိုင်သခင်ကြီးအား လျစ်လျူရှုပြစ်လိုက်သည်။

"ဟွန့်...!!.."

ပိုင်သခင်ကြီး.. သားဖြစ်သူသည် မိမိဘက်လှည့်ကာ.. နှာခေါင်းလေးကို တစ်ချက်ရှုံ့ကာ မျက်နှာလွဲသွားသောကြောင့် ကြောင်တောင်တောင်လေး ဖြစ်သွား ရသည်။

"ယွင်အာ..~..ဘာဖြစ်လို့လဲ..!.."

"ပါး..ယွင်အာ့ကို အနိုင်ကျင့်တယ်လေ.."

ပိုင်သခင်မကြီး ပိုင်ယွင့်စကားကြောင့် ပိုင်သခင်ကြီးအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"ရှင် ကလေးကို အနိုင်ကျင့်တာလား.."

မိန်းမဖြစ်သူ၏ စူးရှလွန်းသောအကြည့်ကြောင့် ပိုင်သခင်ကြီး အလျင် အမြန်ပင် ဖြေရှင်းရန်လုပ်ရတော့သည်။ မိမိသည် စစ်မြေပြင်တွင် စွမ်းအားကြီး မားနိုင်သော်လည်း အင်း..!!.. စစ်မြေပြင်တွင်သာ ဖြစ်သည်။

"မဟုတ်ပါဘူး ရှင်မရယ်..."

ပိုင်သခင်ကြီးသားဖြစ်သူအား မျက်နှာငယ်လေးဖြင့်ကြည့်လိုက်မိသည်။

^^သား ယွင်အာ.. သားအဖချင်း မမွှေပါနဲ့ကွာ...^^

ပိုင်ယွင် ပိုင်သခင်ကြီးအား အဖက်မလုပ်ဘဲ ပိုင်သခင်မကြီး၏ရင်ခွင်ထဲ တိုးဝင်၍ နှုတ်ခမ်းထော်ကာ ပြောလိုက်သည်။

"ပါး မနေ့က ဝိုင်မူးပြီး ယွင်အာ့ကို ကိုင်ပေါက်တယ်ထင်တယ်မား..ယွင်အာ ခါးတွေလဲနာ ခေါင်းတွေလဲကိုက် နှုတ်ခမ်းတွေပါ နာနေသေးတာ.."

"ဘာ.. ရှင်..ကလေးကို...!!!..."

"ကိုယ် တစ်ကယ်မလုပ်ရပါဘူးကွာ..."

ဖြေရှင်းမရအောင်မလုပ်ပါနဲ့ ယွင်အာရယ်...ဟူသော အဓိပ္ပါယ်များပါ

သည့် အကြည့်လေးဖြင့် သားဖြစ်သူအား ကြည့်လိုက်ကာ...

"ယွင်အာ ပါး မလုပ်ပါဘူးကွာ... ယွင်အာကသာ မနေ့က အမူးလွန်ပြီး

အတင်းဖက်နမ်းတာလေ ပြီးတော့..."

ပိုင်ယွင် ပိုင်သခင်ကြီး၏စကားကြောင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရသည်။ မိမိ၏ပေါက်ကရအဖြစ်များအား ပြန်မကြားချင်

သောကြောင့်...

"ပါး..!!!..ဗိုက်ဆာနေပြီမလား စားကြရအောင်လေ..မားက ဖက်ထုတ်ပေါင်းလုပ်ပေးထားတာ..."

ရုတ်တရက် နားရွက်ဖျားလေးများအထိနီရဲကာ ထအော်လာသော သားဖြစ်သူကြောင့် ပိုင်သခင်ကြီး ကြောင်တောင်တောင်လေးပင် ဖြစ်သွားရကာ ပြန် ဖြေလိုက်မိသည်။

"ဟမ်..အာ..အင်း...စားကြမယ်လေ..."

စိတ်ပြေသွားပုံရသော ယွင်အာကြောင့် ဖက်ထုတ်စားရန်သာ လုပ်လိုက်သည်။ နောက်မှ မနေ့ကအိမ်ရှေ့စံနှင့်ဘာတွေပြောခဲ့လဲ မေးစမ်းရမည်။ ပိုင်သခင် ကြီး ဖက်ထုတ်တစ်ခုအား ပါးစပ်ထဲပြစ်ထည့်လိုက်ရင်း စဉ်းစားလိုက်မိသည်။

^^ယွင်အာ့ကို ကိုင်ပေါက်သွားတာ အိမ်ရှေ့စံများလား! ဒါကြောင့် မနေ့က ယွင်အာ့ကို အခန်းထဲထိပွေ့ချီသွားပေးတာကိုး..! ယွင်အာက ဘာလုပ်လိုက် လို့ အိမ်ရှေ့စံ ကိုင်ပေါက်လိုက်ပါလိမ့်..။ ဘာဘဲဖြစ်ဖြစ် တော်ပါသေးတယ်လေ.. အကျဉ်းထောင်က စားစရာတွေ စားစရာမလိုဘူး...^^

ပိုင်သခင်ကြီး အတွေးနှင့်အတူ ကျေနပ်စွာပြုံးလိုက်မိသည်။ ထိုစဉ် မိမိအား မျက်စောင်းထိုးကာကြည့်နေသော ရှင်မကြောင့် ပိုင်သခင်ကြီး စားလက်စ ဖက်ထုတ်လေး နင်သွားရသည်..။ ရှင်မ၏လက်ကလေးအား ခပ်ဖွဖွကိုင်လိုက် ကာ ခပ်တိုးတိုးလေးကပ်ပြောလိုက်သည်။

"ကိုယ် တစ်ကယ် ယွင်အာ့ကို ကိုင်မပေါက်ပါဘူးကွာ..."

ထိုပြသနာအား စတင်သူဖြစ်သော ပိုင်ယွင်ကတော့... ဖက်ထုတ်ပေါင်းများကို ပါးနှစ်ဖက်ဖောင်းကားအောင်စားရင်း အလုပ်များနေလေသည်။

***

ထိုအချိန် တိုင်ဖွန်မြို့တော်၏လူသူစည်ကားလွန်းသော ဈေးလမ်းမပေါ်တွင် ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ဖြင့် အမျိုးသမီးတစ်ဦးသည် မြေပြင်ပေါ်တွင်လဲလျောင်း ကာ သည်းထန်စွာ ငိုကြွေးနေလေသည်..။ သူမ၏မျက်ဝန်းများသည် နီရဲရောင် ကိုင်းနေကာ.. ပါးပြင်နှစ်ဖက်တွင်လဲ မျက်ရည်များစီးကျနေကာ သူမ၏ဆံပင် များမှာလည်း အနည်းငယ်ရှုပ်ပွနေသေးသည်။ တစ်ချက်ကြည့်ယုံမျှဖြင့်ပင် သူမ

သည် မတရားမှုတစ်ခုကြောင့် နာကျင်စွာခံစားနေရသည်ဟု ပြောနိုင်သည်။ စပ် စုတတ်သော လူ့သဘာဝကြောင့် လူအများသည် ထိုအမျိုးသမီးအားကွက်ကြည့် ကွက်ကြည့်လုပ်နေကြကာ အချင်းချင်း တီးတိုးပြောနေကြလေသည်။

မကြာခင်ပင် ကျယ်လောင်စွာထွက်လာသောသူမ၏ငိုသံသည်လူအများ၏အာရုံအား ဆွဲဆောင်လိုက်ကာ သူမအနားတွင် လူအများသည် တဖြည်းဖြည်း စုဝေးလာကြလေသည်။ သူမသည် ကောင်းချန်လင်၏အမေပင် ဖြစ်သည်။ သူမ အနားတွင် လူစုလူဝေးဖြစ်လာသောအခါ.. ခေါင်းငုံ့ကာငိုကြွေးနေသော သူမ၏ နှုတ်ခမ်းများသည် အဆိပ်ပြင်းစွာ တွန့်ကွေးသွားရသည်။ သူမသည်သူမရင်ဘက် အားထုကာ ပိုမိုစွာ ငိုကြွေးလိုက်သည်။

"ချန်လင် သားလေးရယ် အမေ့ရဲ့သားလိမ္မာလေး အမေ့ကိုတစ်ယောက်ထဲထားသွားပြီလား အဟင့်..ဟီး..!!!..."

သားတစ်ယောက်အား ဆုံးရှုံးလိုက်ရသော မိခင်တစ်ယောက်၏ငိုကြွေး မှုအား လူစုလူဝေးကြီးသည် ဂရုဏာသက်စွာဖြင့် ကြည့်လိုက်ကြသည်..။ ထိုစဉ် သူမ၏နောက်ဆက်တွဲစကားကြောင့် အားလုံးရုတ်ရုတ်သဲသဲ ဖြစ်သွားရသည်။

"အပြစ်မဲ့တဲ့ ကျွန်မသားလေးကို ဘာလို့များရက်စက်ရတာလဲ အိမ်ရှေ့စံရယ်..!!.."

သူမသည် သည်းထန်စွာငိုကြွေးရင်းပင် မိုးကောင်းကင်အား မော့ကြည့်ကာ ပြောလိုက်သည်။

"မိုးနတ်မင်းကြီးရယ် ကျွန်မသားလေးရဲ့မတရားခံရမှုအတွက် တရားမျှတမှုပေးပါ..."

လူစုလူဝေး၏တီးတိုးပြောသံများမှာ တစ်စတစ်စပိုမိုကာ ကျယ်လောင်

လာလေသည်။ ကောင်းချန်လင်၏အမေသည် လူစု၏စကားများကို နားထောင် ရင်း ကျေနပ်သွားရသည်..။ ထိုကြောင့် လုစု၏ ဂရုဏာပိုရစေရန် အားနည်းစွာ ဆက်လက်ငိုကြွေးနေလေသည်..။ ထိုလူစုနှင့်မလှမ်းမကမ်းနေရာတွင် လူငယ် နှစ်ဦးသည် ထိုအရေးကိစ္စအား လုံးဝအရေးမစိုက်ပေ။ ထိုလူငယ်နှစ်ဦးမှ တစ်ဦး သည် ဆိုင်ငယ်လေးတွင် ခင်ကျင်းပြသထားသော ဆံထိုးများအား.. စိတ်ဝင်တ စားကြည့်နေကာ နောက်ပါးဆီမှတစ်ယောက်သည် အရာအားလုံးကို လေကဲ့သို့ သဘောထားသော အမူအရာဖြင့် တည်ငြိမ်စွာ ရပ်နေလေသည်။

ဆိုင်ပိုင်ရှင်သည်.. ချောမောလှသော လူငယ်လေးသည် အဆင့်အတန်းမြင့်မားပုံရသောကြောင့် တန်ဖိုးကြီးကာ လှပသော ရွှေသားဖြင့်ပြုလုပ်ထားပြီး

အစွန်းတွင် လိပ်ပြာပုံလေးပါသောဆံထိုးတစ်ချောင်းအား ပြသလိုက်သည်။ လှပ လွန်းသော အမျိုးသမီးငယ်လေးများအတွက် ပြီးပြည့်စုံသည့်ပုံစံပင်..။

"သခင်လေး ဒီတစ်ခုဆိုရင်ရော သိမ်မွေ့လှပပြီး တစ်ချိန်ထဲမှာဘဲ ထည်

ဝါမှုကို ခံစားရစေမှာပါ..."

လူငယ်သည် ခေါင်းသာယမ်းလိုက်ကာ ဆိုင်ရှင်အားပြောလာသည်။

"မိန်းမဆန်လွန်းတယ်...!.."

ဆိုင်ရှင်တစ်ယောက် လူငယ်အား နားမလည်နိုင်စွာကြည့်လိုက်မိသည်။

^^မိန်းမပျိုလေးတွေ အတွက်ပါဆို မိန်းမဆန်မှာပေ့ါ လို့...^^

လူငယ်သည် ဆံထိုးများကို တစ်ခုခြင်း သေချာစွာကြည့်သော်လည်း... သဘောမကျသောကြောင့် လူငယ်၏မျက်ဝန်းများတွင် စိတ်ပျက်မှုများ ပေါ်လာ လေသည်..။ စိတ်တိုင်းမကျသောကြောင့် ဖြစ်လာသော လူငယ်၏ အရှိန်အဝါ ကြောင့် ဆိုင်ရှင်မှာ ချွေးအေးများထွက်လာကာ ဂိုထောင်ထဲတွင် သိမ်းထားသော တန်ဖိုးကြီးသည့် ဆံထိုးများစွာအားချပြသော်လည်း ဝင့်ကြွားလွန်းတယ်၊ အရည် အသွေးမပြည့်မှီဘူး..၊ မိန်းမဆန်လွန်းတယ်..၊ သိမ်မွေ့လွန်းနေတယ်..၊ လက်ရာ မကောင်းဘူး..စသော မှတ်ချက်များဖြင့်သာ ငြင်းပယ်နေလေသည်။ ဆိုင်ရှင်တစ် ယောက် အကူအညီမဲ့စွာပင် လူငယ်အားကြည့်လိုက်မိသည်။ ထိုအချိန်တွင် တစ် ချိန်လုံး ငြိမ်သက်နေသော နောက်ပါးဆီမှလူငယ်၏အသံက ထွက်ပေါ်လာသည်။

"သခင်လေး ဘာလို့ ကိုယ်တိုင်မလုပ်ပေးတာလဲ..!.."

အစပိုင်းတွင် စိတ်ပျက်မှုများဖြစ်နေသော လူငယ်၏မျက်ဝန်းများမှာ.. အရောင်တောက်သွားရကာ ဆိုင်ရှင်အားပြောလာသည်။

"အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတုံးတစ်တုံး လိုချင်တယ်..။ ဘယ်လောက်ပေးရ ပေးရ ဂရုမစိုက်ဘူး..."

လူငယ်သည် အနောက်မှလူငယ်အား တစ်ချက်ကြည့်လိုက်သည်နှင့်... ဆိုင်ရှင်အရှေ့တွင် အသပြာတစ်ထောင်ထုတ်အား ချပေးလိုက်သည်။

ဆိုင်ရှင်၏ မျက်နှာမှာ ဝင်းပသွားကာ တရိုတသေပင်ပြောလာလေသည်။

"စိတ်ချပါ အကောင်းဆုံးအရည်အသွေး ရစေရပ့ါမယ်..."

လူငယ်၏နှုတ်ခမ်းပါးများသည် အနည်းငယ်ကွေးညွတ်သွားကာ လှည့်ထွက်သွားလေသည်။ထိုလူငယ်၏ခဲရောင်မျက်ဝန်းများသည်မနီးမဝေးရှိ လူစုလူ ဝေးအားတစ်ချက်ကြည့်လိုက်လေသည်။နောက်ပါးတွင်ရပ်နေသော ကိုယ်ရံ တော်

ဖြစ်ပုံရသည့် လူငယ်သည် အေးစက်စွာဆိုလာသည်။

"ဖြေရှင်းလိုက်ရမလား အရှင်"

လူငယ်သည် အရေးမစိုက်စွာပင် အကြည့်များအားရုတ်သိမ်းကာ ပြောလာသည်။

"မလိုဘူး ကိုယ်တော့်ပြည်သူတွေ အပျင်းပြေတာပေ့ါ.."

ထိုလူငယ်သည် လီနိုင်ငံ၏အိမ်ရှေ့စံ လီထိုက်ရန်ပင်ဖြစ်သည်။ လီထိုက်ရန်၏ မျက်ဝန်းများသည် ချစ်စရာကောင်းသော အမူးသမားလေးတစ်ယောက် အကြောင်း တွေးမိသောအခါ.. တစ်ခဏချင်းပင် နူးညံ့ပျော့ပြောင်းသွားရသည်။ နူးညံ့ကာ... စွဲမက်ဖွယ်ကောင်းကာ မိမိအား ရစ်မူးစေသည့် နှုတ်ခမ်းနီနီလေး အကြောင်းတွေးမိသောအခါ...လီထိုက်ရန်တစ်ယောက် ရေဆာသလိုပင် ခံစား လိုက်ရသည်။ လီထိုက်ရန် မိမိ၏နီညိုရောင်နှုတ်ခမ်းများကို ထိတွေ့ရင်း ကျေနပ် စွာ ပြုံးလိုက်မိသည်။

"ယင်..!!..ယွင်အာအကြောင်း စုံစမ်းပြီးပြီလား.."

"ဟုတ်ကဲ့အရှင်..ပိုင်သခင်လေးက လွန်ခဲ့တဲ့သုံးလလောက်က ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုရပြီး သေလုမျောပါးဖြစ်ခဲ့ပါတယ်..။ ပြန်သတိရလာကတည်း က အရင်တုန်းကကိစ္စတွေ ဘာမှမမှတ်မိတော့ပါဘူး..။ အဲ့

နောက်ပိုင်း ပိုင်သခင် လေးက အရမ်းပြောင်းလဲသွားတယ်လို့ ပြောကြပါတယ်..။ အရင်က စာပေအနု ပညာကိုဘဲ ဝါသနာပါတဲ့ ပိုင်သခင်လေးက... ဒဏ်ရာရပြီးနောက်ပိုင်း အတိုက် အခိုက်နဲ့ ခရီးသွားရတာကို အရမ်းသဘောကျပါတယ်..။ တစ်ခါတစ်လေကျရင် ပိုင်စစ်သူကြီးချုပ်နဲ့ စစ်တပ်ထဲ လိုက်သွားတတ်ပါတယ်..."

လီထိုက်ရန်၏မျက်ဝန်းများ အေးစက်သွားရသည်..။

"ယွင်အာက ဘာလို့ ဒဏ်ရာရ ရတာလဲ..."

ယင်.. အရှင်၏ဒေါသအား ခံစားမိသောကြောင့် အလျင်အမြန်ပင်ပြောလိုက်သည်။

"ပိုင်သခင်လေးကို ထိခိုက်စေတဲ့ကိစ္စကို စုံစမ်းလို့မရပါဘူး အရှင်..!.."

လီထိုက်ရန် နှုတ်ခမ်းများတွင် မဲ့ပြုံးတစ်ခုပေါ်လာလေသည်။ လီထိုက်ရန် ယင်အား အမိန့်ပေးလိုက်သည်။

"ပြန်စုံစမ်း.. ကိုယ်တော် တရားခံကို သိ.ချင်.တယ်..."

ယင် ထိုတရားခံအတွက် ဖယောင်းတိုင်သာထွန်းပေးလိုက်တော့သည်။

ထိုသူသည် မိမိအရှင်လက်ချက်ဖြင့် ဆိုးဝါးသောသေခြင်းအား ခံစားရပေတော့ မည်..။

***

## အခန်း(၇)

ပိုင်အိမ်တော်၏ အနောက်ဘက်ဥယျာဉ်တော်ထဲတွင် ပိုင်မိသားစုသည် လက်ဖက်ရည်ကြမ်းသောက်ရင်း ပိုင်သခင်မကြီးလုပ်ပေးထားသော အချိုပွဲအချို့ ဖြင့် ဇိမ်ကျနေလေသည်။ ပိုင်သခင်မကြီးတစ်ယောက်ကတော့ သားဖြစ်သူအား မုန့်တစ်မျိုးပြီးတစ်မျိုး ခွံ့ကျွေးနေရင်း မအားလပ်သကဲ့သို့.. ပိုင်ယွင်တစ်ယောက် သည်လည်း ပိုင်သခင်မကြီးခွံ့ကျွေးသော မုန့်များကို ပါးနှစ်ဖက်ဖောင်းအောင်စား နေရင်း မအားလပ်ပေ..။

ပိုင်သခင်ကြီး မိမိ၏သားဖြစ်သူနှင့် ဇနီးဖြစ်သူအားကြည့်ကာ ခေါင်း သာခါမိသည်။ မိမိဇနီးသည် ယွင်အာအား သုံးနှစ်ကလေးကဲ့သို့ ဆက်ဆံနေလေသည်..။ ယွင်အာ တစ်ယောက်ကလည်း.. သူ့အမေ ခွံ့ကျွေးသမျှအား ပါးနှစ်ဖက် ဖောင်းအောင် စားနေလေသည်မှာ သုံးနှစ်ကလေးနှင့်မခြားပေ..။ ပိုင်သခင်ကြီး လက်ဖက်ရည်ကြမ်းခွက်လေးအား လက်သေးသေးလေးနှစ်ဖက်ဖြင့် ယှက်ကိုင် ကာ နှုတ်ခမ်းထော်ရင်း တဖူးဖူးမှုတ်ကာ အအေးခံနေသော ယွင်အာလက်ထဲမှ လက်ဖက်ရည်ကြမ်းခွက်အားလှမ်းယူကာ ကိုယ်တိုင်အအေးခံပြီးမှ ပြန်ပေးလိုက် သည်.. အပူလောင်ကုန်မှဖြင့်...!!..

"ယွင်အာ မနက်ဖြန်ကျရင် အရှင်မင်းကြီးရဲ့မွေးနေ့ပွဲရှိတယ်.. ပါးနဲ့တူ တူလိုက်ခဲ့ရမှာနော်.."

ပိုင်သခင်ကြီး၏စကားကြောင့် ပိုင်ယွင့်အာရုံသည် ပိုင်သခင်မကြီး ခွံ့ကျွေးနေသောမုန့်ကို စားနေရာမှ ပိုင်သခင်ကြီးဆီသို့ ရောက်သွားရသည်။

"ယွင်အာရော တူတူလိုက်ရမှာလား..?.."

"ဟုတ်တယ် ယွင်အာ..!.."

ပိုင်ယွင် မျက်ဝန်းများ အရောင်တောက်သွားရသည်။ သမိုင်းထဲကကဲ့သို့ နန်းတော်ကြီးအား အပြင်မှာမြင်နိုင်မည့် အခွင့်အရေးဖြစ်သောကြောင့်.. ပိုင်ယွင် အမှန်တကယ်စိတ်ဝင်စားမိသည်။ ပိုင်သခင်ကြီးအား မျက်လုံးလေး ပုတ်ကလက်

ပုတ်ကလက်လုပ်ပြရင်း မေးလိုက်သည်။

"နန်းတော်ရဲ့အစားအသောက်တွေက အရမ်းကောင်းလား ပါး..!."

မိမိအား မျက်လုံးရွဲကြီးများဖြင့်ကြည့်ကာ နှုတ်ခမ်းကိုပါ လျှာလေးနှင့် သပ်နေရင်း မေးလာသောယွင်အာကြောင့် ပိုင်သခင်ကြီး၏နှုတ်ခမ်းများ တွန့်ကုန် ရသည်။

^^ယွင်အာ.. ဒီအဖေက အငတ်ထားလို့လားကွာ..!!..^^

ယွင်အာ၏ သိချင်စိတ်ဖြင့်တဖြတ်ဖြတ်လက်ကာ တောက်နေသောမျက်ဝန်းများကြောင့် ပိုင်သခင်ကြီး သက်ပြင်းအသာချကာ ပြန်ဖြေပေးလိုက်သည်။

"ကောင်း..ကောင်းပါတယ်..."

ပိုင်ယွင် သိချင်တာသိရသောကြောင့် ကျေနပ်သွားရသည်..။ ထို့ကြောင့် ပိုင်သခင်ကြီးနှင့် ပိုင်သခင်မကြီးအား အရိုအသေပြုကာ အဆောင်သို့ပြန်ရန်လုပ် လိုက်သည်။

"ပါး..မား...ယွင်အာ အဆောင်ပြန်တော့မယ်..."

ပိုင်သခင်ကြီး.. သားဖြစ်သူအား မျက်လုံးပြူးကြီးများဖြင့် မေးလိုက်မိသည်။ အခြားကလေးတွေဆို သူတို့အဖေတွေကို ရေပက်မဝင်အောင်မေးကြသော် လည်း ယွင်အာမှာမူ နန်းတော်၏အစားအသောက်အကြောင်းသာ

မေးလာသည်

လေ..။

"ယွင်အာ နန်းတော်အကြောင်း ထပ်မသိချင်တော့ဘူးလားဟင်..အရှင်မင်းကြီးအကြောင်းတို့ အိမ်ရှေ့စံအကြောင်းတို့လေ..."

ပိုင်သခင်ကြီး သားဖြစ်သူအား မေးခွန်းအချို့နှင့်ဆွဲဆောင်ရန် ကြိုးစားလိုက်သော်လည်း ယွင်အာ့ဆီမှ ပြန်လာသော တုန့်ပြန်မှုလေးကြောင့်.. ပိုင်သခင် ကြီး စွံ့အသွားရသည်..။ ပိုင်ယွင် ပိုင်သခင်ကြီး၏စကားကို တစ်ခဏငြိမ်သက် ကာ စဉ်းစားလိုက်သည်။ စဉ်စားသောအချိန်တွင် လုပ်နေကျအပြုအမူအတိုင်း ပင်.. နီရဲနေသော ပန်သွေးရောင်နှုတ်ခမ်းများကို လက်ညိုးနှင့်လက်မသုံးကာ.. အသာဆွဲနေရင်း ပါးလေးတစ်ဖက်ကိုဖောင်းကာ စဉ်းစားနေခြင်းဖြစ်သည်။ တစ် ခဏကြာပြီးနောက် ပိုင်ယွင်ဆီမှ ပြတ်သားသော အဖြေထွက်လာလေသည်။

"ဟင့်အင်း!! သိချင်ပါဘူး..။ ပါး..ဒါနဲ့လေ အရှင်မင်းကြီးမှာ သမီးတော်ချောချောလေးတွေ ရှိလားဟင်..."

"ဟေ...!!.."

ပိုင်သခင်ကြီး၏ အမူအရာကြောင့်.. ပိုင်ယွင်ပင် ကြောင်တောင်တောင်လေးဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲဟင်...ပါး..! နန်းတော်ထဲမှာ အလှလေးတွေမရှိဘူးလားဟင့်..!..ယွင်အာ လိုက်တောင်မလိုက်ချင်တော့ဘူး.."

အလှလေးတွေမရှိတဲ့အရပ်က ပျင်းစရာကောင်းလွန်းတာ ပါးနားမလည်ပါဘူး!!..။ ခြေကာလက်ကာငြင်းကာ တစ်ချိုးထဲလစ်ရန် ကြံနေသော ယွင်အာ ကြောင့် ပိုင်သခင်ကြီးဘာပြောရမှန်းမသိဖြစ်သွားရသည်။ ရှင်မဖြစ်သူ

အား အကူ ညီတောင်းသလို ကြည့်လိုက်သော်လည်း.. လျစ်လျူရှုခံလိုက်ရသောကြောင့် ပိုင် သခင်ကြီး မျက်နှာငယ်လေးဖြစ်သွားရသည်။

^^ရှင်မက ငါ့ကိုမချစ်တော့ဘူး..!!..^^

ပိုင်သခင်ကြီး စစ်ဗျူဟာပေါင်းများစွာကို ရေးဆွဲခဲ့သည့်... မိမိ၏ ထက်မြက်လှသော ဉာဏ်ပညာအား အလျင်အမြန်အသုံးချကာ တွေးရတော့သည်..။ ယွင်အာ မလိုက်၍တော့ မဖြစ်ပါ.. သွေးအေးနတ်ဘုရားကြီးဖြစ်သော အိမ်ရှေ့စံ ကိုယ်တိုင် ထူးဆန်းစွာ လာဖိတ်ကြားထားခြင်းဖြစ်သည်..။ မိမိအသက်ရှည်ရှည် လေး နေချင်သေးသည်..။ ပိုင်သခင်ကြီး နန်းတော်ထဲတွင်ရှိသည့် အလှလေးအား တွေးမိသောအခါ... ခေါင်းမွှေးများ ထောင်လာသလို ခံစားလိုက်ရသော်လည်း...

အသက်ကိုပြင်းပြင်းရှူကာ ပြောပြစ်လိုက်သည်။

"နန်းတော်ထဲမှာ အလှလေး တစ်ယောက်တော့ရှိတယ် ယွင်အာ..!.."

အဆောင်ပြန်ရန်ပြင်နေသော ပိုင်ယွင့် ခြေလှမ်းများ... ရပ်တန့်သွားရသည်။ မျက်ဝန်းနက်နက်ကလေးများသည် စိတ်ဝင်စားမှုဖြင့် အရောင်တောက် လာကာ ပိုင်သခင်ကြီးအနားသို့ ပြန်ရောက်လာရသည်။

"ဘယ်လိုပုံစံလေးလဲဟင်...ပါး...!.."

ပိုင်သခင်ကြီး သားဖြစ်သူ၏ စိတ်ဝင်စားလာသော အမူအရာကြောင့်.. တံတွေးကိုအသာမြိုချလိုက်ကာ အလှလေးပုံစံအား ပြောပြလိုက်သည်။

"အဲ့..အဲ့..အလှလေးကလေ မိုးမခကိုင်းပုံ မျက်ခုံးထင်းထင်းတွေရယ်.. စူးရှတဲ့ ခဲရောင်မျက်ဝန်းတွေရယ် နှာတံစင်းစင်းရယ် နီညိုရောင်နှုတ်ခမ်းတစ်စုံရယ်.. အသားအရည်ကလဲ ကျောက်စိမ်းဖြူလိုမျိုး အပြစ်အနာအဆာ ကင်းမဲ့ပြီး ပြီးပြည့်စုံတယ်။ အရည်အချင်းကလဲ ပြိုင်ဘက်ကင်းတယ်။ ပါး

တောင်..ကြောက်  ...အဲ...ထားပါတော့ ယွင်အာ သားလိုက်မယ်မလား ဟင်..!.."

ပိုင်ယွင် ပိုင်သခင်ကြီးပြောသမျှကို ကျောက်စားပွဲပေါ်တွင်လက်ကလေး တစ်ဖက်အား ထောက်ထားကာ မျက်နှာအပ်ရင်း ပုံဖော်ကြည့်နေခြင်း ဖြစ်သည်။ ပါး ပြောပုံအရ အလှလေးသည် အတော်ပင်ပြီးပြည့်စုံသော အလှလေးဖြစ်ရမည်။ ပိုင်ယွင် အလှလေးအား အမှန်တကယ်ပင် မြင်ဖူးချင်လှသည်။

"ယွင်အာ လိုက်မယ်..!.."

ပိုင်သခင်ကြီး.. ယွင်အာ စကားကြားမှသာ သက်ပြင်းချနိုင်တော့သည်။ ခြောက်သွေ့နေသော လည်ချောင်းကြောင့် စားပွဲပေါ်ရှိ လက်ဖက်ရည်ကြမ်းခွက် အား လှမ်းယူကာသောက်လိုက်သည်။

"ပါး..အလှလေးရဲ့ခန္ဓာကိုယ်တည်ဆောက်ပုံ ကရောဟင်..."

ပိုင်ယွင်၏ ရုတ်တရက်အမေးကြောင့်... ပိုင်သခင်ကြီး သောက်လက်စ လက်ဖက်ရည်ကြမ်းလေးပင် နင်သွားရသည်။

"အဟွတ်...!!!.."

ပိုင်သခင်ကြီး သားဖြစ်သူကို မော့ကြည့်လိုက်တော့.. မျက်ဝန်းတောက်တောက်လေးများဖြင့် မိမိအား ကြည့်နေလေသည်။

"အာ..အဟမ်း..!!...ကွဲခိုင်သန့်စွမ်းပါတယ်..."

"အဟိ..!!.."

ပိုင်ယွင်တစ်ယောက် သဘောတကျဖြင့်.. အသံထွက်ကာပင် ရီလိုက်မိသည်..။ သိချင်တာ သိလိုက်ရ၍ စိတ်ကျေနပ်သွားပြီဖြစ်သောကြောင့် ပိုင်သခင် ကြီးနှင့် သခင်မကြီးကို အရိုအသေပြုကာ အဆောင်သို့ပြန်ရန် ထွက်

လာလိုက် သည်..။ ပိုင်ယွင် ထွက်သွားမှသာ ပိုင်သခင်ကြီး သက်ပြင်းချနိုင်တော့သည်..။ သေချာပြန်စဉ်းစားပါကလည်း မိမိ လိမ်ပြောသည်တော့မဟုတ်ပေ..။ ထိုသူသည် အမှန်တကယ်ပင် လှပလွန်းနေသည်မလား..။ ပိုင်သခင်ကြီး သားဖြစ်သူ၏ကျော ပြင်လေးအားကြည့်ကာ တွေးမိသည်က.. အလှလေးက အိမ်ရှေ့စံလီထိုက်ရန်ဖြစ် နေတာ ယွင်အာသိရင်တော့..ဟူ၍ပင်..။ပိုင်ယွင်တစ်ယောက်ကတော့ ရှောင်စန်း နှင့် ပိစိလေးသုံးယောက်ဆီသို့ ထွက်သွားချေပြီ..။

***

ပိုင်ယွင် အဆောင်သို့ပြန်ရောက်သည်နှင့် မိမိရင်ခွင်ထဲခုန်ဝင်လာသော ပိစိသုံးယောက်ကြောင့် အလျင်အမြန်ဖမ်းလိုက်ရသည်။

"ကိုကိုယွင်အာ..!!..×3.."

ပိုင်ယွင် ပိစိလေးတို့၏ပါးအိအိလေးများကို နမ်းလိုက်တော့ ပိုင်ယွင်ပါးပြင်အား နှုတ်ခမ်းသေးသေးလေးများဖြင့် အပြိုင်ပြန်နမ်းလာသည်။

"ကိုကိုယွင်အာနဲ့ ဈေးထဲသွားမယ် လိုက်မယ်မလား..."

ပြိုင်တူဖြေလာသော ပိစိသုံးယောက်...

"ဟုတ်ကဲ့..ကိုကိုယွင်အာ..!!..×3..."

ရှောင်စန်း သူ့မျက်စိရှေ့မှ ကလေးလေးယောက်ကိုကြည့်ကာ သက်ပြင်းသာချမိသည်။ သူတို့အချင်းချင်းကျ တည့်နေကြသည်ပင်။

ပိုင်ယွင် ကလေးသုံးယောက်အားခေါ်ကာဈေးတန်းသို့ထွက်လာခဲ့သည်။ ဈေးတန်းသို့ရောက်သည်နှင့် ပိုင်ယွင်နှင့် ပိစိသုံးယောက်လက်ထဲသို့အရင်ရောက် လာသည်က သကြားလုံးတုတ်ထိုးပင်။ ရှောင်စန်းတစ်ယောက် သူ့အား အသပြာ ရှင်းခါနီးမှသတိရတတ်သောရှေ့မှလေးယောက်အားကြည့်

ကာ အတော်ပင်အမြင် ကတ်နေပြီ ဖြစ်သည်။ အသပြာရှင်းခါနီးတိုင်း သူ့နာမည်အား သတိတရခေါ်ပေး သည်ကိုပင် ပြန်ကျေးဇူးတင်ရမလိုပင်။ ရှောင်စန်း အတွေးလွန်နေစဉ် တင်းကနဲ ဖြစ်သွားသော ဝတ်ရုံစကြောင့် ငုံ့ကြည့်လိုက်တော့ နံပါတ်..လေး.. ငါး...ခြောက်။ သူ့ကို မျက်လုံးများမှိတ်အောင် ရီပြနေကြသေးသည်။ လက်ညှိုးသေးသေးများ၏ ညွှန်ပြရာအား ကြည့်လိုက်တော့.. မလှမ်းမကမ်းရှိ ပိတ်စဆိုင်တွင် ပိတ်စရောင်စုံ များအား စိတ်ဝင်တစားကြည့်နေသော သခင်လေး..။

"ရှောင်စန်း မြန်မြန်လာကြည့်..."

ရှောင်စန်း ပိတ်စဆိုင်ထဲရှိ သခင်လေးအနားသို့သွားကာ သခင်လေးရွေးထားသော ပိတ်စများကို ကြည့်လိုက်သည်။

"သခင်လေး ဒီအရောင်တွေက သခင်လေးနဲ့ မလိုက်ဘူးဗျ..."

"ကျွန်တော့်အတွက်မဟုတ်ဘူး ဟိုပိစိလေးသုံးယောက်အတွက်လေ.."

ရှောင်ဆစ် ရှောင်ဂူနှင့် ရှောင်လျှို့ကတော့ အတော်ပင် ပျော်နေပုံရသည်။ အစောပိုင်းက... သခင်လေး ဝယ်ပေးထားသော...ကလေးသုံးတိုက်ခိုက်ရေးဓား အသေးစားများကို ကိုင်ကာ သဘောခွေ့နေကြလေသည်..။ ပိုင်ယွင် ပိစိလေးသုံး ယောက်အတွက် ပိတ်စအချို့ဝယ်ကာ ဝတ်စုံတစ်ခါတည်း အပ်ထားခဲ့လိုက်သည်။ ပိုင်ယွင် ပိစိသုံးယောက်စားချင်သော မုန့်များနှင့် လိုချင်တာအချို့ဝယ်ပြီးနောက် မှ ပိုင်အိမ်တော်သို့ ပြန်ခဲ့ကြသည်။ ပျော်ရွှင်နေသောလူစုလေးသည် တစ်ချိန်လုံး အနောက်မှလိုက်ကာ ကြည့်နေခဲ့သော သူနှစ်ဦးကိုတော့ သတိမထားခဲ့မိပါပေ..။ တစ်ဦးသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကိုသာ ဝတ်ဆင်ထားကာ.. ဓား တစ်ချောင်းအား ကိုင်ဆောင်ထားသည်။ ရေပြင်ကဲ့သို့ငြိမ်သက်နေသော မျက်ဝန်း များသည် သူ၏အရှေ့တွင်ရှိသော သူမှလွဲ၍ အရာအားလုံးအား လျစ်လျူရှုထား ပုံရ

သည်။ နောက်တစ်ဦးမှာ နက်ပြာရောင်ရင့်ရင့်ဝတ်စုံအား ဝတ်ဆင်ထားကာ.. သူမတူသောအရှိန်အဝါနှင့် တော်ဝင်အငွေ့အသက်များ ခြံရံနေသည်..။ မည်သည့် လက်နက်မှ ကိုင်ဆောင်ထားခြင်းမရှိသည့်တိုင် အရာအားလုံးအား အေးဆေးစွာ ဖျက်ဆီးနိုင်သည်ဟူသော ခံစားချက်အား ခံစားရစေသည်..။ ထိုသူ၏ဆွဲဆောင်မှု အပြည့်ရှိသော သွေးနီရောင်နှုတ်ခမ်းတစ်စုံက ထောင့်စွန်းများတွင် အနည်းငယ် တွန့်ကွေးနေလေသည်။

"အရှင် ပိုင်သခင်လေးအနား မသွားဘူးလား..."

ယင်၏စကားကြောင့် လီထိုက်ရန် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းပြလိုက်ကာ ခပ်ရှရှနိုင်သောအသံဖြင့် ပြန်ဖြေလိုက်သည်။

"ယွင်အာ လွတ်လွတ်လပ်လပ်ကစားပါစေဦး.. သိပ်မကြာခင်မှာ ယွင်အာက ကိုယ်တော့်ရင်ခွင်ထဲမှာဘဲ ရှိနေရတော့မှာလေ..."

ယွင်အာ သူ့အနားတွင်သာ ရှိနေတော့မည်ဟု တွေးမိယုံဖြင့်ပင်... ဟန် မဆောင်နိုင်စွာ ပြုံးနေမိသည်..။ ယွင်အာနှင့် စတွေ့သောနေ့မှစ၍ ယွင်အာအား အချိန်တိုင်းမြင်တွေ့ချင်နေမိသော သူ့ကိုယ်ကိုလည်း နားမလည်နိုင်ပါ။ ယွင်အာ ကိုတွေ့တိုင်း.. သူက မင်းအပိုင်ဟု သူ၏အနက်ရှိုင်းဆုံး စိတ်တွင်းတစ်နေရာမှ သတိပေးနေသကဲ့သို့ ခံစားနေရသည်..။ လီထိုက်ရန်သည် မည်သည့်အရာအပေါ် မှ အလေးအနက်သိပ်မထားသောသူဖြစ်ကာ အကြောက်တရားကင်းမဲ့သော သူ အဖြစ် သူ့ကိုယ်ကိုသတ်မှတ်ခဲ့သူဖြစ်သည်။ လီနိုင်ငံ၏ ထီးနန်းအရိုက်အရာကို ပင် အလေးအနက်ထားခြင်းမရှိသူဖြစ်သည်..။ သို့သော် လီထိုက်ရန် ဘဝတွင် ပထမဆုံးအပိုင်လိုချင်မိကာ ဆုံးရှုံးရမည်စိုးမိသော ခံစားချက်အား ဖြစ်ပေါ်စေ သည်မှာ ယွင်အာသာရှိသည်။ ထို့ကြောင့် လီထိုက်ရန် ဆုံးဖြတ်လိုက်သည်။ ယွင် အာသည် လီထိုက်ရန်ဆိုသော သူတစ်ဦးတည်းအပိုင်သာ ဖြစ်ရမည်။

ယွင်အာသည် လီထိုက်ရန်၏ အနူးညံ့ဆုံးသော ခံစားချက်ဖြစ်တည်မှု လေးပင်..။ သို့သော် အားနည်းချက်တစ်ခုတော့ မဟုတ်ပေ။ ယွင်အာအား အပိုင် လိုချင်သော ကာကွယ်ချင်သော ဆန္ဒများသည် လီထိုက်ရန်ကို အင်အားအကြီး မားဆုံးသူဖြစ်စေရန် တွန်းအားပေးသည်..။ ထို့ကြောင့် ယွင်အာ အား ထိခိုက်စေ ခြင်းသည် မိမိအား အားနည်းစေခြင်းမဟုတ်ဘဲ... မကောင်းဆိုးဝါးတစ်ကောင် အဖြစ်သာ ပြောင်းလဲစေပေလိမ့်မည်..။

***

ကြီးကျယ်ခန်းနားသော တော်ဝင်နန်းဆောင်တစ်ခုထဲတွင်...

ရွှေအိုရောင်တော်ဝင်ဝတ်စုံဖြင့် တင့်တယ်လှပနေသော မိဖုရားကြီး၏ မျက်နှာတွင် ခပ်ထေ့ထေ့အပြုံးတစ်ခုအား ဆင်မြန်းထားလေသည်။ မိဖုရားကြီး သည်.. အစ်ကိုတော်ဖြစ်သူ အမတ်ချုပ်ကြီးပြောသောစကားများကို နားထောင် ရင်း ကျေနပ်စွာရီလိုက်သည်..။ သူမ၏ရီသံလွင်လွင်မှာ ကြည်လင်ချိုမြနေသော် လည်း ကောက်ကျစ်ရိပ်များ လွှမ်းနေလေသည်..။ အိမ်ရှေ့စံလီထိုက်ရန်၏ လက် လွတ်စပယ်နိုင်သော လူသတ်မှုသည် သူမ အားပျော်စေသည်..။ သူမသည် အမတ် ချုပ်ကြီးအား တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

"ညီလာခံက လူအိုကြီးတွေကို အသုံးချပြီး ပြသနာထပ်ဖန်တီးလိုက်ပါ့ မယ် အစ်ကိုတော်..."

အမတ်ချုပ်ကြီး မိဖုရားကြီးအား လေးလေးနက်နက်ပြောလိုက်သည်။

"ကောင်းပြီ မိဖုရားကြီး..ရှေ့တော့အရမ်းမထွက်ပါနဲ့..၊ နယ်စပ်ဒေသမှာ ဘဲအနေများတဲ့ အိမ်ရှေ့စံက ခန့်မှန်းရခက်တဲ့သူဘဲ..."

"ဟုတ်ကဲ့ပါ အစ်ကိုတော် ကျွန်မနားလည်ပါတယ်"

"မိဖုရားကြီး ကျွန်တော်မျိုး..အိမ်ရှေ့စံက ပိုင်အိမ်တော်ကိုလှို့ဝှက်တွေ့ ဆုံဖို့သွားတယ်လို့ သတင်းရတယ်..။ ကျွန်တော်မျိုးခန့်မှန်းချက်အရ အိမ်ရှေ့စံက ပိုင်စစ်သူကြီးချုပ်ကို သိမ်းသွင်းဖို့ ကြိုးစားနေပုံရတယ်"

မိဖုရားကြီး၏မျက်ခုံးများ အလိုမကျစွာ စုကျုံ့ကုန်ရသည်..။

"ပိုင်အိမ်တော်က... နိုင်ငံစစ်အင်အား သုံးပုံ..ပုံ နှစ်ပုံကို ချုပ်ကိုင်ထားတာ..။ အိမ်ရှေ့စံရဲ့နယ်စပ်ကအင်အားစုပါ ပူးပေါင်းလိုက်ရင် ကျွန်မတို့ ရည်ရွယ် ချက်တွေ နှောင့်ယှက်ခံရလိမ့်မယ်..။ အိမ်ရှေ့စံ ပိုင်အိမ်တော်ကို သိမ်းသွင်းတာ အောင်မြင်လို့မဖြစ်ဘူး အစ်ကိုတော်..."

အမတ်ချုပ်ကြီး.. မိဖုရားကြီး၏စကားအား ခေါင်းငြိမ့်ကာ သဘောတူကြောင်းပြလိုက်သည်..။ မောင်နှမနှစ်ယောက်လုံး အတန်ကြာတိတ်ဆိတ်သွားရ သည်။ မိဖုရားကြီး အကြံတစ်ခုရလိုက်သောကြောင့် မျက်ဝန်းများ အရောင်လက်

သွားရသည်။

"ပိုင်အိမ်တော် ကျွန်မတို့ဘက်ကို သိမ်းသွင်းနိုင်မှဖြစ်မယ် အစ်ကိုတော် စဲ့စဲ့ကို ဆင့်ခေါ်လိုက်..."

အမတ်ချုပ်ကြီး မိဖုရားကြီး၏စကားအား ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

"စဲ့စဲ့..?...မိဖုရားကြီး ဆိုလိုတာက..."

မိဖုရားကြီး ခေါင်းငြိမ့်ပြကာ... အမတ်ချုပ်ကြီး အတွေးမှန်ကြောင်း... ထောက်ခံလိုက်သည်..။ စဲ့စဲ့ဆိုသည်မှာ အမတ်ချုပ်ကြီး၏ကိုယ်လုပ်တော်မှမွေး သော သမီးတစ်ယောက်ဖြစ်ကာ ရုပ်ရည်ချောမောကာ ဆွဲဆောင်မှုရှိလွန်းသူဖြစ် သည်။ သူမ၏အကြည့်များမှ မည်သည့်ယောကျ်ားမှ ရုန်းမ

ထွက်နိုင်ကြချေ..။ စံ့စံ့ သည် ရည်မှန်းချက်ကြီးလွန်းသော မိန်းကလေးတစ်ဦးဖြစ်ကာ လိုချင်သည်အား မရရအောင်ယူတတ်သော အကျင့်ရှိသည်..။ သိမ်မွေ့လွန်းသော်လည်း တစ်ချိန်ထဲ တွင်ပင် အဆိပ်ပြင်းကာ အန္တရာယ်ကြီးသော မိန်းမမျိုး ဖြစ်သည်..။ မိဖုရားကြီး ကောက်ကျစ်စွာပြုံးလိုက်ကာ...

"ပိုင်အိမ်တော်ရဲ့သားက အသုံးမကျတဲ့ လူဖျင်းတစ်ယောက်ဆိုပေမယ့် သူက ပိုင်အိမ်တော်ရဲ့အဓိကသော့ချက်ဘဲ.. စံ့စံ့ကိုပြောလိုက် သူသာအောင်မြင်

ရင် ပိုင်အိမ်တော်က သူ့အတွက်ဘဲလို့..."

အမတ်ချုပ်ကြီး ကျေနပ်စွာပြုံးလိုက်သည်..။

"ထက်မြက်လှပါပေတယ် မိဖုရားကြီး.."

မိဖုရားကြီး၏မျက်ဝန်းများမှာ ရေခဲတမျှ အေးစက်လွန်းနေလေသည်။ အမတ်ချုပ်ကြီးအား နက်ရှိုင်းလွန်းသောအကြည့်ဖြင့်ကြည့်ကာ ပြောလိုက်သည်။

"မနက်ဖြန် အရှင်မင်းကြီးရဲ့မွေးနေ့ပွဲရှိတယ်..။ ပိုင်အိမ်တော်က သခင်လေးလဲ လာမှာသေချာတယ်..။ စံ့စံ့ကို အရှင်မင်းကြီးပွဲမှာ တစ်ခုခုဖျော်ဖြေခိုင်း ပြီး ပိုင်သခင်လေး စိတ်ဝင်စားမှုကိုရအောင် ယူခိုင်းလိုက်..."

"ကောင်းပါပြီ အစ်ကိုတော် သေချာစီစဉ်လိုက်ပါ့မယ်..."

အမတ်ချုပ်ကြီး ကျေနပ်စွာသဘောတူလိုက်သည်။ မိမိတို့ရည်မှန်းချက်ပြည့်မြောက်ရန် တစ်စုံတစ်ရာစတေးရမည်အား.. မိမိ မျက်မှောင်တစ်ချက်တွန့် မည် မဟုတ်ပေ။ လီနိုင်ငံ၏ထီးနန်းသည် ကောင်းအိမ်တော်အတွက်သာ ဖြစ်စေ ရမည်..။

***